နောက်ဆက်တွဲ (က)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၁၅၉ /၂၀၂၁

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၂၈ ရက်)

# မြန်မာနိုင်ငံတွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး ဦးဆောင်ကော်မတီ (Myanmar Extractive Industries Transparency Initiative Leading Committee) ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တွင်းထွက်သယံဇာတအရင်းအမြစ်များ ပိုမိုကောင်းမွန်စွာ စီမံအုပ်ချုပ်နိုင်စေရန်လည်းကောင်း၊ ပွင့်လင်းမြင်သာ၍ တာဝန်ခံမှုရှိသောရင်းနှီးမြှုပ်နှံမှုဝန်းကျင်ဖန်တီးပြီး အရည်အသွေးမြင့်မားသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်နိုင်ရန်လည်းကောင်း၊ တွင်းထွက်သယံဇာတကဏ္ဍမှရရှိသော အခွန်ဘဏ္ဍာငွေများနှင့် လုပ်ငန်းများအား ပွင့်လင်းမြင်သာစွာ အများပြည်သူသို့အသိပေးရန်လည်းကောင်း၊ တွင်းထွက်သယံဇာတနှင့်ဆက်စပ်သောအခွန်အခစနစ်များ၊ ပြည်သူ့ဘဏ္ဍာစီမံအုပ်ချုပ်မှုစနစ် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ပိုမိုအားကောင်းစေရန်လည်းကောင်း၊ တွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ခြင်းကိစ္စရပ်များကို နိုင်ငံတော်ကိုယ်စားဦးစီးဆောင်ရွက်နိုင်ရန်အတွက် **“မြန်မာနိုင်ငံတွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးဦးဆောင်ကော်မတီ (Myanmar Extractive Industries Transparency Initiative Leading Committee)”**ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ မြန်မာနိုင်ငံတွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများသည် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် လက်တွေ့အကျိုးရှိပြီး ပြည်သူများအတွက် ရေရှည်တည်တံ့မည့်ဖွံ့ဖြိုးရေးကို ရှေ့ရှုသော ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို သတ်မှတ်ခြင်း၊

(ခ) တွင်းထွက်သယံဇာတကဏ္ဍ ပိုမိုကောင်းမွန်စွာ စီမံအုပ်ချုပ်နိုင်ရေးအတွက် လုပ်ငန်းစဉ်များချမှတ်ပြီး အကောင်အထည်ဖော်ရန်အလို့ငှာ လိုအပ်သည့် လုပ်ငန်းကော်မတီကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဂ) နိုင်ငံတကာ EITI အဖွဲ့မှ သတ်မှတ်ပြဋ္ဌာန်းထားသော တွင်းထွက်သယံဇာတ အရင်းအမြစ်တူးဖော်ခြင်းလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးစံနှုန်းကို အကောင်အထည်ဖော်နိုင်ရေးအတွက် အစိုးရကိုယ်စားလှယ်များ၊ ပုဂ္ဂလိကကဏ္ဍ ကိုယ်စားလှယ်များနှင့် အရပ်ဖက်အဖွဲ့အစည်းကိုယ်စားလှယ်များ ပါဝင်သော သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ (Myanmar EITI Multi-stakeholder Group-MEITI-MSG)ကိုဖွဲ့စည်းခြင်းနှင့် ထိုသုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့(MEITI-MSG)ကို ဦးဆောင်မည့် ဥက္ကဋ္ဌနှင့် လုပ်ငန်းစဉ်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မည့် ညှိနှိုင်းရေး တာဝန်ခံ(Coordinator)အား ခန့်အပ်တာဝန်ပေးခြင်း၊

(ဃ) မြန်မာနိုင်ငံကို EITI အဖွဲ့ဝင်လောင်းနိုင်ငံ(Candidate Country) အဆင့်မှ EITI တင်းပြည့်အဖွဲ့ဝင်နိုင်ငံ (Compliant Country)ဖြစ်စေရေးအတွက် လိုအပ်သည့် လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၉-၁၂-၂၀၁၆ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၁၁၅/၂၀၁၆ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

စာအမှတ်၊ ၁ /၁၆၅-(EITI)/နစက(၂၀၂၁)။
ရက်စွဲ ၊ ၂၀၂၁ ခုနှစ်၊ မေလ ၂၇ ရက်။

ဖြန့်ဝေခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအုပ်ချုပ်မှုရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
သက်ဆိုင်ရာပုဂ္ဂိုလ်များ
ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန်။

အမိန့်အရ

ဇော်သန်းသင်း
အမြဲတမ်းအတွင်းဝန်